# မာတိကာ

## ဆောင်းပါးကဏ္ဍ

- မလေးရှားနိုင်ငံ၏ အလုပ်သမားနေ့ာင်ရေးရန်ပုံငွေ (Employees Provident Fund–EPF)

## သတင်းကဏ္ဍ

- အငြိမ်းစားများပင်စင်လစာနှင့်ဆုငွေများပိုမိုမြန်ဆန်စွာရရှိရန်လိပ်စာအမှန်နှင့် ဖုန်းနံပါတ်များ ထည့်သွင်းပေးရေး အသိပေးနှိုးဆော်ခြင်း
- Pension Management Web Portal ဆောင်ရွက်မှုအကြောင်း


## ပင်စင်ဆိုင်ရာစာရင်းအင်းကဏ္ဍ

- လက်ရှိပင်စင်စားအင်အားနှင့် အသုံးစရိတ်အခြေအနေ
- ပင်စင်စားဦးရေနှင့် ပင်စင်အသုံးစရိတ်အခြေပြဇယား(၂၀၁၃ - ၂၀၁၄ မှ ၂၀၂၃-၂၀၂၄ထိ)
- ပင်စင်အသုံးစရိတ်သည် နိုင်ငံတော်အသုံးစရိတ်တွင် ပါဝင်မှုရာခိုင်နှုန်း
- ပင်စင်စားအင်အား နှင့် အသုံးစရိတ်စာရင်း (၂၀၂၄-၂၀၂၅ခု ဘဏ္ဍာရေးနှစ် ဧပြီလ မှ နိုဝင်ဘာလအထိ)
- တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ပင်စင်စားအင်အားနှင့် အသုံးစရိတ်

  (၂၀၂၄-၂၀၂၅ခု၊ ဘဏ္ဍာရေးနှစ် ဧပြီလ မှ နိုဝင်ဘာလ အထိ)

## လုပ်ငန်းဆောင်ရွက်မှုကဏ္ဍ

- ပင်စင်ဦးစီးဌာန လုပ်ငန်းဆောင်ရွက်မှုနှင့် လှုပ်ရှားမှုများ




ဦးရဲညွှန့်(ညွှန်ကြားရေးမှူးချုပ်၊ပင်စင်ဦးစီးဌာန)

## မလေးရှားနိုင်ငံ၏ အလုပ်သမားနောင်ရေးရန်ပုံငွေ

## (Employees Provident Fund–EPF)

**ဦးရဲညွှန့်၊ ညွှန်ကြားရေးမှူးချုပ်၊ ပင်စင်ဦးစီးဌာန**

**မလေးရှားနိုင်ငံ၏ အလုပ်သမားနောင်ရေးရန်ပုံငွေ (Employees Provident Fund–EPF)**

**နိဒါန်း**

၁။ မလေးရှားနိုင်ငံသည် ဗြိတိသျှကိုလိုနီလက်အောက်မှ လွတ်လပ်ရေးမရရှိမီ ၁၉၅၁ ခုနှစ်ကပင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတွင် ပင်စင်အစီအစဉ်နှစ်ခုဖြင့် စတင်ဆောင်ရွက်ခဲ့ပါသည်။ ယခုလက်ရှိအချိန်တွင် မလေးရှားနိုင်ငံ၏ ပင်စင်စနစ်တွင် ဝန်ထမ်းအမျိုးအစားအလိုက် ပင်စင်အစီအစဉ် (၃)မျိုးဖြင့် အောက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်-

( က ) **နိုင်ငံ့ဝန်ထမ်းပင်စင်ရန်ပုံငွေ (Kun Pulan Wang Amanah Pencen – KWAP)**

နိုင်ငံ့ဝန်ထမ်းများအတွက် အခွန်ကောက်ခံရရှိမှုများဖြင့် ရန်ပုံငွေဖွဲ့စည်းထားသော သတ်မှတ်အကျိုးခံစားခွင့်ပင်စင်အစီအစဉ်၊ (a tax-funded defined benefit (DB) pension scheme for public servants)

( ခ ) **တပ်မတော်အငြိမ်းစားရန်ပုံငွေ (Lembaga Tabund Angkatan Tentera – LTAT)**

ကာကွယ်ရေးဝန်ထမ်းများအတွက်သတ်မှတ်ထည့်ဝင်ကြေးအစီအစဉ်၊ (a defined-contribution (DC) scheme for armed forces personnel)

( ဂ ) **အလုပ်သမားနှောင်ရေးရန်ပုံငွေ (Employee Provident Fund – EPF or Kumpulan Wang Simpanan Pekerja – KWSP)**

အစိုးရ အစီအစဉ်ဖြင့် ဆောင်ရွက်ပေးသော ပုဂ္ဂလိကကဏ္ဍအလုပ်သမားများအတွက် သတ်မှတ်ထည့်ဝင်ကြေး အငြိမ်းစားအစီအစဉ်၊ (a publicly run, DC retirement scheme for private sector employees)

၂။ အထက်ဖော်ပြပါ အစီအစဉ် (၃) မျိုးအနက်မှအလုပ်သမားနှောင်ရေးရန်ပုံငွေ(Employee Provident Fund – EPF or Kumpulan Wang Simpanan Pekerja – KWSP) နှင့်စပ်လျဉ်း၍ အသေးစိတ်ဖော်ပြသွားမည် ဖြစ်ပါသည်။

**အလုပ်သမားနှောင်ရေးရန်ပုံငွေအစီစဉ်၏ အဆင့်ဆင့်ပြောင်းလဲမှုနောက်ခံသမိုင်း**

၃။ မလေးရှားနိုင်ငံသည် ပုဂ္ဂလိကနှင့် အစိုးရကဏ္ဍမှ ပင်စင်ခံစားခွင့် မရရှိသော အငြိမ်းစားယူသည့် ဝန်ထမ်းများအတွက်ပင်စင်ရန်ပုံငွေထောက်ပံ့ပေးသော လူမှုဖူလုံရေးအဖွဲ့တစ်ခု ဖြစ်လာနိုင်ရန်အတွက် ရည်ရွယ်၍ ၁၉၄၉ ခုနှစ်ကတည်းကပင် အလုပ်သမားနှောင်ရေးရန်ပုံငွေ (EPF) အဖွဲ့အစည်းကို မလေးရှားနိုင်ငံ ဖက်ဒရယ် အလုပ်သမားဦးစီးဌာန (Federal Labor Department) မှ စတင်ဖွဲ့စည်းခဲ့ပါသည်။ အဆင့်ဆင့်ပြောင်းလဲမှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

( က ) ၁၉၅၁ ခုနှစ်တွင် EPF ဥပဒေပြုအမိန့် (EPF Ordinance 1951) ကို ပြဋ္ဌာန်းချက်အရ Employee Provident Fund သည် အဖွဲ့အစည်းသည် တရားဝင်အဖွဲ့အစည်းတစ်ခု ဖြစ်လာခြင်း၊

( ခ ) ၁၉၈၂ခုနှစ်၊ဇူလိုင်လ၂၂ရက်နေ့တွင် အလုပ်သမားနှောင်ရေးရန်ပုံငွေ ဥပဒေပြုအမိန့် (၁၉၅၁ ခုနှစ်) အား အလုပ်သမားနှောင်ရေး ရန်ပုံငွေအက်ဥပဒေ (၁၉၅၁ ခုနှစ်) အဖြစ် ပြောင်းလဲ သတ်မှတ်ခဲ့ပြီး ထည့်ဝင်ကြေးနှင့်စပ်လျဉ်း၍လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများပြင်ဆင်ချက်အချို့၊ တရားဝင်နိုင်ငံခြားသား အလုပ်သမားများအား ထည့်ဝင်ကြေးစနစ်တွင် ပါဝင်နိုင်ရေးအတွက် ပြင်ဆင်ထည့်သွင်းချက်အချို့ကို ထည့်သွင်းရေးဆွဲခဲ့ခြင်း၊

( ဂ ) ၁၉၉၁ ခုနှစ်တွင် အလုပ်သမား နှောင်ရေးရန်ပုံငွေအက်ဥပဒေ(၁၉၅၁)အား ပြန်လည်ပြင်ဆင်သည့် အလုပ်သမားနှောင်ရေးရန်ပုံငွေ အက်ဥပဒေ(၁၉၉၁)အဖြစ် ပြင်ဆင်ချက်များနှင့် အတူ ပြဋ္ဌာန်းခဲ့ခြင်း၊

**အလုပ်သမားနှောင်ရေးရန်ပုံငွေအက်ဥပဒေ(၁၉၉၁ခုနှစ်)**

၄။ လက်ရှိမလေးရှားနိုင်ငံ၏EPFစနစ်အတွက် ကျင့်သုံးနေသောအလုပ်သမားနှောင်ရေးရန်ပုံငွေအက်ဥပဒေ (၁၉၉၁ခုနှစ်)တွင် အခန်း(၉)ခန်းနှင့် ပုဒ်မပေါင်း(၈၆) ခုပါဝင်ပါသည်။ အလုပ်သမားနှောင်ရေး ရန်ပုံငွေဖွဲ့စည်းပုံ လည်ပတ်ဆောင်ရွက်ရာတွင် အလုပ်သမားရန်ပုံငွေအက်ဥပဒေ(၁၉၉၁)အပြင် မလေးရှားနိုင်ငံ၏ အခြားသော

ပင်စင်နှင့် လူမှုဖူလုံရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များကိုလည်း မှီငြမ်းမှုပြုထားပါသည်။ ၎င်းတို့မှာ ၁၉၆၉ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော လူမှုဖူလုံရေးဆိုင်ရာ ဥပဒေ (Social Security Act, 1969)၊ ၁၉၈၀ခုနှစ်၊ ပင်စင်ဆိုင်ရာ ပြင်ဆင်ချက် (Pension Adjustment, 1980)နှင့် ၂၀၁၂ခုနှစ်၊ အငြိမ်းစားယူနိုင်သော အနိမ့်ဆုံးအသက် သတ်မှတ်ခြင်း (Minimum Retirement Age, 2012) တို့ ဖြစ်ပါသည်။

**အလုပ်သမားနေဝင်ရေးရန်ပုံငွေ (Employee Provident Fund – EPF) (KWSP)**






| | |
|---|---|
| ဖွဲ့စည်းမှုပုံစံ | - ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ ဖွဲ့စည်းထားသောအဖွဲ့အစည်း |
| စတင်တည်ထောင်သည့်နေ့/သက်တမ်း | - ၁-၁၀-၁၉၅၁ (သက်တမ်း ၇၂နှစ်) |
| ဝန်ကြီးဌာန | - ဘဏ္ဍာရေးဝန်ကြီးဌာန |
| စုစုပေါင်းပိုင်ဆိုင်မှုတန်ဖိုး | - မလေးရှား ရင်းဂစ် ၁,၂၂၂.၃၄ ဘီလီယံ (၂၀၂၄ ခုနှစ်၊ စက်တင်ဘာလအထိ) |
| Website | - www.kwsp.gov.my |

**EPF ဘုတ်အဖွဲ့ (EPF Board)**

၅။ ရန်ပုံငွေအား စီမံခန့်ခွဲရန်နှင့် EPF အက်ဥပဒေပါ ရည်ရွယ်ချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ဘုတ်အဖွဲ့ကို ဖွဲ့စည်းထားပါသည်။ အဖွဲ့အမည်မှာ "**အလုပ်သမားနေဝင်ရေး ရန်ပုံငွေဘုတ်အဖွဲ့ (Board of Employees Provident Fund – EPF's Board)**" ဖြစ်ပါသည်။ EPF ဘုတ်အဖွဲ့၏ တာဝန်မှာ "အဖွဲ့ဝင်များ၏ ပိုင်ဆိုင်မှုများအား ထိန်းသိမ်းပေးခြင်းသာမက စုဆောင်းငွေများ ပိုမို တိုးပွားလာစေရန်" ဖြစ်ပါသည်။ ဘုတ်အဖွဲ့၏ အဖွဲ့ဝင်များအဖြစ် အောက်ပါပုဂ္ဂိုလ်များ ပါဝင်ပါသည် -

(က) ဥက္ကဋ္ဌ၊

( ခ ) ဒုတိယဥက္ကဋ္ဌ၊

( ဂ ) အမှုဆောင်အရာရှိချုပ်၊

(ဃ) မလေးရှားအစိုးရနှင့်မလေးရှားနိုင်ငံ၏ ပြည်နယ်အစိုးရများထံမှ ဂုဏ်ထူးဆောင်လက်မှတ်ရရှိထားသူ သို့မဟုတ် အသိအမှတ်ပြုခံထားရသူများ၊ အလုပ်ရှင်များ ကိုယ်စားရွေးချယ်ခြင်းခံရသူများ၊ အလုပ်သမားကိုယ်စားလှယ်များနှင့် အခြားသော သက်ဆိုင်ရာ နယ်ပယ်များမှ ပညာရှင်များ စသည့် (၂၀) ဦးထက်မပိုသော အဖွဲ့ဝင်များ။

**EPF ၏ ဖွဲ့စည်းပုံ (Structure of EPF)**

၆။ EPFအဖွဲ့အစည်းအားလည်ပတ်နိုင်စေရန် ကျောထောက်နောက်ခံပြုထားသော ဝန်ထမ်းအင်အား ပေါင်း ၅၇၀၀ ကျော်ရှိပါသည်။ အဆိုပါဝန်ထမ်းအားလုံးကို အကျင့်စာရိတ္တကောင်းမွန်မှုအား အခြေခံ၍ အငြိမ်းစား ဝန်ထမ်းများ၏ စုဆောင်းငွေများအပေါ် ယုံကြည်စိတ်ချရသော လူပုဂ္ဂိုလ်များအား ခန့်အပ်ထား ခြင်း ဖြစ်ပါသည်။ EPF ဘုတ်အဖွဲ့၏လက်အောက်တွင် အဓိက ဌာနကြီး (၆) ခု၊ ကော်မတီ (၂)ခုနှင့် သက်ဆိုင်ရာဌာနများတွင် ဌာနစိတ်ပေါင်း (၃၇) ခုဖြင့် ဖွဲ့စည်းထားပါသည်။ ဌာနခွဲတစ်ခုချင်းစီ၌ ဌာနခွဲမှူး တစ်ဦးစီခန့်အပ်ထားပြီး ၎င်းတို့အားဘုတ်အဖွဲ့ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌတို့သည် အမှုဆောင်အရာရှိချုပ်မှ တစ်ဆင့် စီမံကွပ်ကဲပါသည်။ EPF ၏ အဓိက ဌာနခွဲ (၆) ခုမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) စီမံခန့်ခွဲရေးဌာနခွဲ (Operation Division)၊

(ခ) ရင်းနှီးမြှုပ်နှံမှုဌာနခွဲ (Investment Division)၊

(ဂ) ဘဏ္ဍာရေးနှင့် ဝန်ဆောင်မှုဌာနခွဲ (Finance and Service Division)၊

(ဃ) မဟာဗျူဟာဌာနခွဲ (Strategy Division)၊

(င) ဒီဂျစ်တယ်နည်းပညာဌာနခွဲ (Digital Technology Division)၊

(စ) လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲ(Human Resource Division)။

**အကျုံးဝင်မှု (Coverage)**

၇။ ဝန်ထမ်းနောင်ရေးရန်ပုံငွေ(EPF)သည် ပုဂ္ဂလိကကဏ္ဍမှ ဝန်ထမ်းများအား ပထမဦးစားပေး အစီအစဉ်အဖြစ် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ဒုတိယအဆင့်အနေဖြင့် အစိုးရကဏ္ဍမှ အစိုးရပင်စင် ခံစားခွင့်မရှိသူများ ပါဝင်နိုင်ပါသည်။ ထို့ပြင် နိုင်ငံခြားသားအလုပ်သမားများအနေဖြင့် မလေးရှား နိုင်ငံသို့ တရားဝင်လာရောက်အလုပ်လုပ်ကိုင်သူဖြစ်ပါက EPF ထည့်ဝင်ကြေးစနစ်တွင် မိမိသဘောဆန္ဒ အလျောက်ပါဝင်နိုင်ပါသည်။သို့ရာတွင် ဤအစီအစဉ်၌ အိမ်ဖော်အလုပ်သမားများနှင့် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူများ မပါဝင်ပါ။

**အဖွဲ့ဝင်ဦးရေ (Members)**

၈။ ၁၉၅၂ ခုနှစ်၊ EPF စတင်တည်ထောင်ချိန်တွင် အဖွဲ့ဝင် ၅ သိန်းကျော်ဖြင့် စတင်အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ကြပါသည်။ စတင်တည်ထောင်ပြီး နှစ်များတစ်လျှောက်တွင် EPF အဖွဲ့သည် အဖွဲ့ဝင်များ၏ စုဆောင်းငွေများကို တာဝန်ခံထိန်းသိမ်းထားရုံသာမက တိုးပွားလာအောင် ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်း ကြောင့် ယခုလက်ရှိ ၂၀၂၄ ခုနှစ်၊ ဧပြီလ အထိ EPF အဖွဲ့ဝင်ပေါင်း ၁၆.၁ သန်း ရှိလာပြီ ဖြစ်ပါသည်။

**ပင်စင်ယူရမည့်အသက် (ထည့်ဝင်ကြေးများကို ပြန်လည်ထုတ်ယူနိုင်မှု)**

၉။ EPF စနစ်သည် အကျိုးခံစားခွင့်များကို လစဉ်ထုတ်ပေးမှုပုံစံဖြင့် ထောက်ပံ့ပေးခြင်း မဟုတ်ဘဲ တစ်လုံးတည်း ထုတ်ပေးသည့်ပုံစံဖြင့် ထောက်ပံ့ပေးခြင်း ဖြစ်ပါသည်။ ပင်စင်အကျိုးခံစားခွင့်ရရှိရန် အတွက် ဝန်ထမ်းများသည် အသက် ၅၅ နှစ်ပြည့်လျှင် ထည့်ဝင်ကြေးများကို ပြန်လည်ထုတ်ယူနိုင်မည် ဖြစ်ပါသည်။ သို့သော်လည်း အစမ်းခန့် (၃) နှစ် အပါအဝင် ဝန်ထမ်းတစ်ဦးသည် အနည်းဆုံးလုပ်သက် (၁၀) နှစ်ပြည့်ပါက အမျိုးသားများအတွက် အသက် ၅၀နှစ်နှင့် အမျိုးသမီးများအတွက် အသက် (၄၅) နှစ် တွင် တစ်စိတ်တစ်ပိုင်း ထုတ်ယူခွင့်ရှိပါသည်။

**ထည့်ဝင်ကြေးထည့်ဝင်ရမည့်ပမာဏ**

၁၀။ ထည့်ဝင်ကြေးပမာဏကို သတ်မှတ်ရာတွင် အဓိကအပိုင်း(၂)ပိုင်းခွဲထားပါသည်။ လစဉ် လစာ မလေးရှား ရင်းဂစ် ၅၀၀၀ အောက်နှင့် မလေးရှားရင်းဂစ် ၅၀၀၀ အထက်ရရှိမှုတို့အပေါ် မူတည်၍ ထည့်ဝင်ကြေးများကို အောက်ပါအတိုင်း ခွဲခြားသတ်မှတ်ပါသည် -

| **လစဉ်လစာ** | **လစာမလေးရှားရင်းဂစ် ၅၀၀၀ အောက်** | | **လစာမလေးရှားရင်းဂစ် ၅၀၀၀ အထက်** | |
|---|---|---|---|---|
| **ဝန်ထမ်းအခြေအနေ** | **အလုပ်ရှင် ထည့်ဝင်ငွေ** | **ဝန်ထမ်း ထည့်ဝင်ငွေ** | **အလုပ်ရှင် ထည့်ဝင်ငွေ** | **ဝန်ထမ်း ထည့်ဝင်ငွေ** |
| အသက်၆၀နှစ်အောက်မလေးရှားနိုင်ငံသား | ၁၃% | ၉% | ၁၂% | ၉% |
| အသက်၆၀နှစ်နှင့်အထက်မလေးရှားနိုင်ငံသား | ၄% | ၀% | ၄% | ၀% |
| အသက်၆၀နှစ်အောက် နေထိုင်ခွင့်ရရှိသူ | ၁၃% | ၉% | ၁၂% | ၉% |
| အသက်၆၀နှစ်နှင့်အထက် နေထိုင်ခွင့်ရရှိသူ | ၆.၅% | ၅.၅% | ၆.% | ၅.၅% |
| အသက်၆၀နှစ်အောက် နိုင်ငံသား မဟုတ်သူ (၁၉၉၈ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့ မတိုင်မီ အဖွဲ့ ဝင်အနေဖြင့် မှတ်ပုံတင်ခဲ့သည့်) | ၁၃% | ၉% | ၁၂% | ၉% |

| | | | | |
|---|---|---|---|---|
| အသက်၆၀နှစ်နှင့်အထက်နိုင်ငံသားမဟုတ်သူ (၁၉၉၈ခုနှစ်၊ဩဂုတ်လ၁ရက်နေ့ မတိုင်မီ အဖွဲ့ဝင်အနေဖြင့် မှတ်ပုံတင်ခဲ့သည့်) | ၆.၅% | ၅.၅% | ၆.% | ၅.၅% |
| အသက် ၆၀ နှစ်အောက် နိုင်ငံသားမဟုတ်သူ (၁၉၉၈ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့ သို့မဟုတ် ၁ ရက်နေ့ပြီးနောက် အဖွဲ့ဝင်အနေဖြင့် မှတ်ပုံတင်ခဲ့သည့်) | မလေးရှား ၅ ရင်းဂစ် | ၉% | မလေးရှား ၅ ရင်းဂစ် | ၉% |
| အသက်၆၀နှစ်နှင့်အထက်နိုင်ငံသားမဟုတ်သူ (၁၉၉၈ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့ သို့မဟုတ် ၁ ရက်နေ့ပြီးနောက် အဖွဲ့ဝင်အနေဖြင့် မှတ်ပုံတင်ခဲ့သည့်) | မလေးရှား ၅ ရင်းဂစ် | ၅.၅% | မလေးရှား ၅ ရင်းဂစ် | ၅.၅% |

**ငွေစုစာရင်းများ**

၁၁။ အထက်ပါအလုပ်ရှင်နှင့် အလုပ်သမားများ၏ ထည့်ဝင်မှုများကို မလေးရှားEPFစနစ်တွင် စုဆောင်းထိန်းသိမ်းပေးရန်အတွက်အောက်ပါအတိုင်းရာခိုင်နှုန်းအမျိုးမျိုး (Breakdown) ခွဲ၍ စုဆောင်းထားပါသည်-

(က) Akaun Persaraan ငွေစုစာရင်းတွင် (၇၅%)၊

( ခ ) Akaun Sejahtera ငွေစုစာရင်း တွင် (၁၅%)၊

( ဂ ) Akaun Fleksibel ငွေစုစာရင်းတွင် (၁၀%)။

၁၂။ အဖွဲ့ဝင်အသက် (၅၅) နှစ် ပြည့်ပြီးနောက်တွင် အောက်ဖော်ပြပါ ငွေစာရင်း (၂) ခု ထပ်မံခွဲ၍ စုဆောင်းပါသည် -.

( က ) Akaun 55 စုဆောင်းငွေစာရင်းတွင် အထက်အပိုဒ်ပါ စုဆောင်းငွေစာရင်း (၃) ခုလုံးကို ပေါင်း၍ တစ်ခုတည်းသို့ ထည့်သွင်းလိုက်ခြင်း၊ အငြိမ်းစားယူသည့်အခါ ယင်းငွေစာရင်းမှ ထုတ်ပေးပါသည်။

( ခ ) Akaun Emas စုဆောင်းငွေစာရင်းသည် အဖွဲ့ဝင်များ အသက် (၅၅) နှစ် ပြည့်ပြီးနောက် ထပ်မံထည့်ဝင်သည့် ထည့်ဝင်ကြေးများကို စုဆောင်းသည့် ငွေစာရင်း ဖြစ်ပါသည်။ အသက် (၆၀)နှစ်ပြည့်သည့်အခါ ယင်းစုဆောင်းငွေစာရင်းမှ ထုတ်ပေးပါသည်။

**ထည့်ဝင်ကြေးပေးသွင်းခြင်း (Payment of Contribution)**

၁၃။ မလေးရှားနိုင်ငံ၏ EPF ထည့်ဝင်ကြေးအတွက် ပေးသွင်းငွေများအား အောက်ပါလမ်းကြောင်းများမှ ပေးသွင်းနိုင်ပါသည် -

(က) e-Caruman Website or Mobile Application၊

( ခ ) Internet Bank ဝန်ဆောင်မှု၊

( ဂ ) Simpanan Nasional Bank ၊ Maybank၊ Public Bank နှင့် RHB Bank စသော ဘဏ်များ၏ ကိုယ်စားလှယ်များ၊

(ဃ) နိုင်ငံအနှံ့တွင် ဖွင့်လှစ်ထားသော EPF ကောင်တာများ၊
(အလုပ်ရှင်နှင့် အလုပ်သမားနှစ်ဦးစလုံး၏ စုဆောင်းငွေထည့်ဝင်ကြေးများအား လစာငွေ ပေးချေပြီး သော လ၏ နောက်လ ၁၅ ရက်အတွင်း ပေးသွင်းရန် သတ်မှတ်ထားပါသည်။)

**မလေးရှား EPF အဖွဲ့၏ ရင်းနှီးမြှုပ်နှံမှု (Investment Allocation)**

၁၄။ EPF၏ စုဆောင်းငွေများကို ရင်းနှီးမြှုပ်နှံရာတွင် မလေးရှားနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုနှင့် ပြည်ပ ရင်းနှီးမြှုပ်နှံမှုဟူ၍ နှစ်ပိုင်းခွဲထားပါသည်။ အသင်းဝင်များ၏ထည့်ဝင်ကြေးကို ရင်းနှီးမြှုပ်နှံမှု ပြုလုပ် ရာတွင် ငွေစုစာရင်း(၁)မှ စုဆောင်းငွေများကိုသာ အချိုးကျခွဲဝေ၍ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ပြီး ငွေစုစာရင်း (၂)မှ စုဆောင်း ငွေများကိုမူ အသင်းဝင်သည် သတ်မှတ်အရည်အချင်းပြည့်မီချိန်တွင် အရေးပေါ် ထုတ်ယူနိုင်ရန် ပုံမှန်အတိုး ရရှိငွေအဖြစ် စာရင်းဖွင့်ထားပါသည်။ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုတွင် စွန့်စားမှု နည်းပြီး ပုံသေဝင်ငွေ ရှိနိုင်သော လုပ်ငန်းများတွင်သာ ရင်းနှီးမြှုပ်နှံပြီး စုဆောင်းငွေ ပမာဏ၏ ၇၀ ရာခိုင်နှုန်းကို အသုံးပြုထားပါသည်။ ပြည်ပ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရာတွင် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိရန် လိုအပ်ပါသည်။အကျိုးအမြတ်ကို ပြန်လည်ရရှိနိုင်မှုများသော်လည်း စွန့်စားမှုများသောကြောင့် ပြည်ပ ရင်းနှီးမြှုပ်နှံမှုအတွက် EPF ၏ စုဆောင်းငွေ များထဲမှ ၃၀ ရာခိုင်နှုန်းအထိသာ အများဆုံး ရင်းနှီးမြှုပ်နှံ ခွင့်ပြုထားပါသည်။ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလတွင် EPF ၏ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုဝင်ငွေမှာ ရင်းဂစ် ၁,၂၂၂.၃၄ ဘီလီယံ ရှိပါသည်။ EPFအဖွဲ့မှ ရရှိသော စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုဝင်ငွေ၏ ၆၃%သည် စတော့ ရှယ်ယာအရင်းအနှီးဈေးကွက်များမှလည်းကောင်း၊ ၃၂%သည် အစိုးရ၏ ငွေတိုက်စာချုပ်များနှင့် ငွေချေး စာချုပ်များမှလည်းကောင်း၊ ကျန်၅%သည် အိမ်ခြံမြေ၊ လမ်းတံတား စသော အခြေခံအဆောက်အအုံဆိုင် ရာလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုမှလည်းကောင်း ရရှိပါသည်။ EPF၏ ပိုင်ဆိုင်မှုများကို အဖွဲ့တွင်းရှိ တာဝန်ရှိသူများနှင့် ဘုတ်အဖွဲ့မှ အတည်ပြုထားသော ပညာရှင်များမှ စီမံခန့်ခွဲမှု ပြုလုပ်လျက်ရှိပါသည်။

**စုဆောင်းငွေထုတ်ယူခြင်း (Withdrawal)**

၁၅။ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှစ၍ အဖွဲ့ဝင်တစ်ဦး၏ EPF စုဆောင်းငွေများကို ငွေစုစာရင်းနှစ်ခုမှ ထုတ်ယူနိုင်ပါသည်။ ပထမငွေစုစာရင်းအား “ငွေစုစာရင်း ၁” (Post-retirement Plan) ဟု ခေါ်ပြီး အဖွဲ့ဝင်များ၏ လစဉ်ထည့်ဝင်ငွေမှ ၇၀ ရာခိုင်နှုန်းကို သိမ်းဆည်းထားပြီး “ငွေစုစာရင်း ၂” (Pre-retirement Plan) ဟုခေါ်သော ဒုတိယငွေစုစာရင်းတွင် ၃၀ ရာခိုင်နှုန်းထားရှိပါသည်။ စုဆောင်းငွေ ထုတ်ယူခြင်းကို ထည့်ဝင်ထားသည့် ကာလသို့မဟုတ်လုပ်သက်ဖြင့် သတ်မှတ်ခြင်းမရှိဘဲ အသက်အပိုင်းအခြားဖြင့်သာ အောက်ပါအတိုင်းသတ်မှတ်ထားပါသည် -

( က ) သတ်မှတ်ထားသည့် **အသက်အပိုင်းအခြား အသက် (၅၅) နှစ်ပြည့်ခြင်း၊/အသက် (၆၀) နှစ်ပြည့်သည့်**အချိန်တွင် အကျိုးခံစားခွင့် ရရှိနိုင်သည့် ပုံစံများမှာ -

**( ၁ ) စုဆောင်းငွေအားလုံး ထုတ်ယူခြင်း၊**

**( ၂ ) တစ်စိတ်တစ်ပိုင်း ထုတ်ယူခြင်း (လစဉ်အတိုးပေးနေခြင်း)၊**

**( ၃ ) လစဉ်ငွေပေးချေမှုပုံစံဖြင့် ထုတ်ယူခြင်း (ပုံသေနှုန်းဖြင့် ထုတ်ယူခွင့်ပေးခြင်း)၊**

**( ၄ ) တစ်စိတ်တစ်ပိုင်း ထုတ်ယူခြင်းပုံစံနှင့် လစဉ်ငွေပေးချေမှုပုံစံဖြင့် ထုတ်ယူခြင်း၊**

( ခ ) သတ်မှတ်ထားသည့် **အသက်အပိုင်းအခြား မပြည့်မီသည့်**အချိန်တွင် အကျိုးခံစားခွင့် ရရှိ နိုင်သည့် ပုံစံများမှာ -

( ၁ ) **စုဆောင်းငွေအားလုံးထုတ်ယူနိုင်ခြင်း**

( ကက ) ရန်ပုံငွေအဖွဲ့ဝင် သေဆုံးလျှင်၊

( ခခ ) ရန်ပုံငွေအဖွဲ့ဝင် ရုပ်ပိုင်းဆိုင်ရာအားဖြင့်လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာအားဖြင့် လည်းကောင်း အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိလျှင်၊

( ဂဂ ) ရန်ပုံငွေအဖွဲ့ဝင်သည် မလေးရှားနိုင်ငံသားမဟုတ်ဘဲ မလေးရှားနိုင်ငံမှထွက်ခွာမည့်သူ ဖြစ်လျှင်၊

( ၂ ) **တစ်စိတ်တစ်ပိုင်းထုတ်ယူနိုင်ခြင်း**

| | | |
|---|---|---|
| (ကက) | ရန်ပုံငွေအဖွဲ့ဝင်သည် အသက်၅၀နှစ်ပြည့်လျှင်၊ | Akaun Sejahtera ငွေစာရင်းမှ |
| ( ခခ) | အခြားအရေးပေါ်ကိစ္စရပ်များ ပေါ်ပေါက်လျှင်၊ | Akaun Fleksibel ငွေစာရင်းမှ |
| (ဂဂ) | ရန်ပုံငွေအဖွဲ့ဝင်သည် အိမ်ဝယ်လျှင် သို့မဟုတ် အိမ်ဆောက်လျှင် (သို့မဟုတ် )အိမ်ဝယ်ယူရန် သို့မဟုတ်ဆောက်လုပ်ရန်ချေးငွေယူထားလျှင်၊ | Akaun Fleksibel ငွေစာရင်းမှ |
| (ဃဃ) | ဆေးဘက်ဆိုင်ရာ ငွေကြေးပံ့ပိုးမှု လိုအပ်လျှင်၊ | Akaun Fleksibel ငွေစာရင်းမှ |
| ( ငင ) | မိမိကိုယ်တိုင်၊မိမိ၏သားသမီး၊ အိမ်ထောင်ဖက် သို့မဟုတ် မိဘတို့အတွက် အဆင့်မြင့်ပညာရေး ဆိုင်ရာ ငွေကြေးပံ့ပိုးမှု လိုအပ်လျှင်၊ | Akaun Sejahtera ငွေစာရင်းမှ |
| (စစ ) | ဟဂ်ျဘုရားဖူးခရီးစဉ်ကုန်ကျစရိတ်များအတွက် ငွေကြေးပံ့ပိုးမှု လိုအပ်ပါက၊ | Akaun Sejahtera ငွေစာရင်းမှ |
| (ဆဆ) | ရန်ပုံငွေအဖွဲ့ဝင်၏ ငွေစာရင်းတွင် ရင်းဂစ် (၁) သန်းထက် ကျော်လွန်လျှင်။ | Akaun Sejahtera ငွေစာရင်းမှ |

၁၆။ အသင်းဝင်အနေဖြင့် ဆန္ဒအလျှောက် အသက် ၇၅ နှစ်အထိ ဆက်လက်တာဝန်ထမ်းဆောင်ပြီး စုဆောင်းငွေများ ထည့်ဝင်နိုင်ပါသည်။ အကယ်၍ အသက် ၅၅ နှစ်ပြည့်၍ စုဆောင်းငွေများ ထုတ်ယူပြီးသောဝန်ထမ်းသည် အခြားအလုပ်တစ်ခု၌ ထပ်မံဝင်ရောက်လုပ်ကိုင်ခဲ့ပါက EPF အဖွဲ့သို့ တစ်ဖန်ပြန်လည် ဆက်သွယ်၍ မှတ်ပုံတင်ပြီး စုဆောင်းငွေများကို ပြန်လည် ထည့်ဝင်နိုင်ပါသည်။

**EPF စနစ်မှ ရရှိနိုင်သော အခြားအကျိုးခံစားခွင့်များ**

၁၇။ ထို့ပြင်အလုပ်နောင်ရေးရန်ပုံငွေ(EPF)တွင်အဖွဲ့ဝင်အဖြစ်ပါဝင်သူများသည်အောက်ပါလူမှုရေး ထောက်ပံ့မှု (၂)မျိုးကိုလည်း ခံစားခွင့်ရှိပါသည် -

( က ) အလုပ်မလုပ်နိုင်တော့ခြင်းအတွက် အကျိုးခံစားခွင့် (Incapacitation Benefit) **-** အလုပ်မလုပ်နိုင်တော့ခြင်းအတွက် ငွေထုတ်ယူမှု (Incapacitation withdrawl) ပြုလုပ်ပြီးသော အသင်းဝင်

များအား Incapacitation Benefit ကို **သတ်မှတ်ချက်များနှင့်အညီ** ရင်းဂစ် ၅၀၀၀ ထုတ်ပေးပါသည်။

( ခ ) **သေဆုံးမှုအတွက် အကျိုးခံစားခွင့် (**Death Benefit) - **သေဆုံးမှုအတွက် ငွေထုတ်ယူမှု (**Death withdrawl) **ပြုလုပ်သည့်အခါတွင်** အဖွဲ့ဝင်၏ မှီခိုသူ သို့မဟုတ် ဆွေမျိုးသားချင်း (EPF ၏ စဉ်းစားဆုံးဖြတ်ချက်အပေါ် မူတည်၍) ရင်းဂစ် ၂၅၀၀ ကို သတ်မှတ်ချက်များနှင့် အညီ ထုတ်ပေးပါသည်။

**ထပ်ဆောင်းအကျိုးခံစားခွင့်**

၁၈။ ထပ်ဆောင်းအကျိုးခံစားခွင့်အဖြစ် အောက်ပါတို့ကို ခံစားရရှိမည် ဖြစ်ပါသည်-

( က ) **အမြတ်ဝေစုများနှစ်စဉ်ရရှိခြင်း(Dividend Withdrawl)**

EPFအသင်းဝင်များသည် နှစ်စဉ်ဇန်နဝါရီလ ၁ ရက်နေ့တိုင်းတွင် ၎င်းတို့၏ စုဆောင်း ငွေ လက်ကျန်များအပေါ်မူတည်၍ အမြတ်ဝေစုများ ရရှိပါသည်။ အသင်းဝင်များ၏ အမြတ်ဝေစုကို တွက်ချက်ရာတွင် အသင်းဝင်များ၏ နေ့စဉ်စုဆောင်းငွေလက်ကျန်များ အပေါ်မူတည်၍ တွက်ချက်ခြင်း ဖြစ်ပါသည်။၂၀၂၃ခုနှစ်စာရင်းများအရ EPF အဖွဲ့မှ အသင်းဝင်များအပေါ် အနည်းဆုံးအမြတ် ဝေစု ၂.၅% မှ အများဆုံး ၅.၅% အထိ ထောက်ပံ့ နိုင်ခဲ့သည်ကို တွေ့ရပါသည်။

( ခ ) **အခွန် (Tax)**

EPF အဖွဲ့သို့ မှတ်ပုံတင်ထားသော မလေးရှားအစိုးရ၏ ဝန်ထမ်းတစ်ဦး သို့မဟုတ် ပုဂ္ဂလိက ကဏ္ဍမှ ဝန်ထမ်းတစ်ဦးသည် ၎င်း၏ တစ်သက်တာထည့်ဝင်ကြေးများထဲမှ ရင်းဂစ် ၅၀၀၀ အား မလေးရှားအစိုးရသို့ အခွန်ပေးဆောင်ရပါသည်။ ထိုသို့ပေးဆောင်ပြီး ပါက EPFနှင့် ပတ်သက်သော ငွေစုစာရင်းအမျိုးမျိုးမှ ငွေထုတ်ယူရာတွင် အခွန်ကင်း လွတ်ခွင့် ရရှိမည် ဖြစ်ပါသည်။

**ထည့်ဝင်ကြေးပျက်ကွက်မှုအပေါ် သတ်မှတ်ထားသော ပြစ်ဒဏ်များ**

၁၉။ အလုပ်ရှင်များသည် ၁၉၉၁ခုနှစ်၊ ဝန်ထမ်းနောင်ရေးရန်ပုံငွေဥပဒေကို လိုက်နာရန်နှင့် လစဉ် ရန်ပုံ ငွေများ ထည့်ဝင်ရန် တာဝန်ရှိပါသည်။ လိုက်နာရန်ပျက်ကွက်ပါက အောက်ပါပြစ်ဒဏ်များကို ခံယူရမည် ဖြစ်ပါသည်-

( က ) အလုပ်ရှင်သည် ပုဒ်မ၄၁၊ ပုဒ်မခွဲ (က) အရ ဝန်ထမ်းတစ်ဦးကို ခန့်အပ်ပြီး ၇ရက်အတွင်း EPFတွင်မှတ်ပုံတင်ရန်ပျက်ကွက်ခဲ့လျှင်၊ ပုဒ်မ၄၃(ခ)အရ EPFထည့်ဝင်ငွေများကို နောက် လ၏ ၁၅ရက်နေ့ သို့မဟုတ် ၁၅ ရက်နေ့မတိုင်မီ ပေးသွင်းရန် ပျက်ကွက်ခဲ့လျှင် ၃ နှစ်ထက် မပိုသော ထောင်ဒဏ် သို့မဟုတ် ရင်းဂစ် ၁၀၀၀၀ ထက်မပိုသော ဒဏ်ငွေ သို့မဟုတ် ထိုပြစ်ဒဏ် နှစ်ရပ်လုံး အားကျခံရမည် ဖြစ်ပါသည်။

(ခ) အလုပ်ရှင်သည် ပုဒ်မ၄၃၊ ပုဒ်မခွဲ (ဂ)အရ ဝန်ထမ်း၏ထည့်ဝင်ကြေးကို လစာမှနုတ်ယူပြီး EPF သို့ ပေးသွင်းရန် ပျက်ကွက်ပါက ဖြနှစ်ထက်မပိုသော ထောင်ဒဏ် သို့မဟုတ် ရင်းဂစ် ၂၀၀၀၀ ထက် မပိုသော ဒဏ်ငွေ သို့မဟုတ် ထိုပြစ်ဒဏ်နှစ်ရပ်လုံးအား ကျခံရမည်ဖြစ်ပါသည်။

(ဂ) အလုပ်ရှင်သည် ပုဒ်မ၄၃၊ ပုဒ်မခွဲ (ဂ) အရ ဝန်ထမ်းအား အလုပ်မှရပ်စဲလိုက်ပါက ထိုနေ့ ရက်မှ ရက်ပေါင်း ၃၀ အတွင်း EPF သို့ အကြောင်းရန် ပျက်ကွက်ပါက သို့မဟုတ် ထိုဝန်ထမ်းအား လစာ ထောက်ပံ့ပေးရန် ပျက်ကွက်ပါက ၆လထက်မပိုသော ထောင်ဒဏ် သို့မဟုတ် ရင်းဂစ် ၂၀၀၀ ထက်မပိုသော ဒဏ်ငွေ သို့မဟုတ် ထိုပြစ်ဒဏ်နှစ်ရပ်လုံးအား ကျခံရမည် ဖြစ်ပါသည်။

**နိဂုံး**

၂၀။ နိဂုံးချုပ်အားဖြင့် အထက်ပါအချက်အလက်များကို အခြေခံ၍ မြန်မာနိုင်ငံ၏ နိုင်ငံ့ဝန်ထမ်းပင်စင် စနစ်ကို နိုင်ငံတော်ဘတ်ဂျက်မှသုံးစွဲသည့်စနစ်မှ ရန်ပုံငွေကို အခြေခံ၍ ခွင့်ပြုသောစနစ်သို့ အဆင့်ဆင့် ပြုပြင်ပြောင်းလဲ ပေးခြင်းဖြင့် နိုင်ငံ့ဝန်ထမ်းများ၏ အငြိမ်းစားယူမှုဘဝကို မြှင့်တင်ပေးသွားနိုင်မည် ဖြစ်ပါသည်။ နိုင်ငံတော်၏ လူမှုစီးပွားတိုးတက်ခြင်းနှင့် ဟန်ချက်ညီပြည့်စုံသော အငြိမ်းစားဘဝ ဖြစ်ပေါ်လာရေး ဦးတည်ကြိုးပမ်း ဆောင်ရွက်ခြင်းဖြင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို ပံ့ပိုးနိုင်ပြီးဝန်ထမ်းတို့၏ ဘဝနောင်ရေးအတွက် စိတ်အေးစွာ အထောက်အပံ့ဖြစ်ခြင်းကြောင့် လာဘ်ပေးလာဘ်ယူ ပပျောက်ရေးအတွက် အားဖြည့်ဆောင်ရွက်ပေးရာရောက် မည်ဖြစ်ပါသည်။


အရင်းအမြစ်

- **(Where is EPF money invested?)**

  https://www-financialexpress-com/money/where-is-epf-money-invested-not-shares-epfo-invests-employees-provident-fund-here/1782016/

- **(Key finding)**

  https://www-worldbank-org/en/country/malaysia/publication/case-study-on-the-employees-provident-fund-of-malaysia

- **(The Malaysian pension system)**

  http://www-nomurafoundation-or-jp/en/wordpress/wp-content/uploads/2019/03/NJACM3-2SP19-04-pdf

- **(Withdrawal)**

  https://www.thestar.com.my/news/nation/2024/03/03/epf-records-1607-million-members-as-of-dec-2023

- **(EPF members / mandate / investment)**

  https://www.kwsp.gov.my/corporate/about-us/organisation-structure

- **(organization structure)**

  https://www-kwsp-gov-my/about-epf/corporate-profile/organisation-structure/division/ceo-s-office

- **(Contribution rates)**

  https://1-million-dollar-blog-com/employees-employers-epf-contribution-rate-since-1952/

- **)Challenges)**

  Case Study on Malaysia EPF 131289-WP-WorldBankReport-PUBLIC-pdf

  https://www.kwsp.gov.my/member/overview/benefits#:~:text=Money%20Market-,Dividends,on%20your%20daily%20aggregate%20balance.

- **(Dividends Amount)**

  https://malaysia.acclime.com/guides/employee-provident-fund/ (Contribution Rate /Penalty)

  https://www.kwsp.gov.my/w/epf-records-rm47-86-billion-total-investment-income-for-9m-2023-1 (Total Investment Income)

  https://www.populationpyramid.net/malaysia/2024/

  https://www.populationpyramid.net/malaysia/2050/ (Total Population in Malaysia)

- **Income Security for Older Persons in Malaysia**

  https://www.google.com/search?q=+Income+Security+for+Older+Persons+in+Malaysia&oq=%09Income+Security+for+Older+Persons+in+Malaysia&gs_lcrp=EgZjaHJvbWUyBggAEEUYOTIHCAEQIRigAdIBCTIyOTJqMGoxNagCCLACAQ&sourceid=chrome&ie=UTF-8

## အငြိမ်းစားများပင်စင်လစာနှင့်ဆုငွေများပိုမိုမြန်ဆန်စွာရရှိရန်လိပ်စာအမှန်နှင့် ဖုန်းနံပါတ်များ ထည့်သွင်းပေးရေး အသိပေးနှိုးဆော်ခြင်း

ပင်စင်ဦးစီးဌာန(ရုံးချုပ်)သည် **"ပင်စင်စားအရေး အကျိုးမျှော်တွေး စေတနာဖြင့်ဆောင်ရွက်ပေး" "ပင်စင်စားတွေ စိတ်ချမ်းသာဖို့ တို့တတွေဆောင်ရွက်စို့"** ဟူသော ဆောင်ပုဒ်နှင့်အညီ အာဏာပိုင်အဖွဲ့အစည်းများ၏ တစ်လုံးတစ်ခဲတည်းသော နိုင်ငံရေးပင်စင်ချီးမြှင့်ငွေများ ၊ လစဉ်နိုင်ငံရေး ပင်စင်များ ၊ ဦးစီးဌာနများနှင့် လုပ်ငန်းအဖွဲ့အစည်းများမှ အငြိမ်းစားယူကြမည့် အငြိမ်းစားကြီးများ၏ ပင်စင်လစာများ၊ အငြိမ်းစားဆုငွေများ၊ အငြိမ်းစားယူပြီးနောက်ပိုင်း နိုင်ငံရေးနှစ်လွန်ပင်စင် ၊ မုရင်းခွဲ ၊ လစာကျန်ပင်စင်ကိစ္စများ ၊ တိုင်းဒေသကြီး / ပြည်နယ်ပင်စင်ဦးစီးဌာန ဦးစီးမှူးရုံးများ၏ ဦးစီးဌာနများ၏ ပင်စင်လစာကျန် ခွင့်ပြုမိန့်တောင်းခံခြင်းများနှင့် ပင်စင်ဆိုင်ရာကိစ္စရပ် များကို အချိန်မီ ဆောင်ရွက်ပေးနေသောဌာန ဖြစ်ပါသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပင်စင်လစာငွေများနှင့်ဆုငွေများကို အငြိမ်းစားများ လျှင်မြန်စွာ ခံစားခွင့်ရရှိရေးဆောင်ရွက်သည့်အခါ ပင်စင်ဦးစီးဌာနမှ ငွေပေးမိန့်ထုတ်ပြန်ပေးပြီးသော အငြိမ်းစားလက်ခံများအား သက်ဆိုင်ရာ အငြိမ်းစားများထံသို့ ပေးပို့ရာတွင် အငြိမ်းစားလက်ခံ **(Personal Copy)** များသည် လိပ်စာများ မှန်ကန်မှုမရှိ၍သော်လည်းကောင်း၊ အငြိမ်းစားများသည် ၎င်းတို့ ဖြည့်သွင်းရမည့် အချက်အလက်များတွင် ဖြည့်သွင်းထားသော လိပ်စာများမမှာ နေထိုင်မှုမရှိ၍ သော်လည်းကောင်း၊ ၎င်းအငြိမ်းစားလက်ခံ **(Personal Copy)** များသည် စာတိုက်များမှတဆင့် ပင်စင် ဦးစီးဌာနသို့ ပြန်လည်ရောက်ရှိလျက်ရှိနေပါသည်။

အဆိုပါ အငြိမ်းစား လက်ခံ(**Personal Copy)**များကို အငြိမ်းစားများထံသို့ ပေးပို့ရာတွင် ငွေ၁၀၀၀/-ကျပ်တန် တံဆိပ်ခေါင်းများကပ်ပြီး စာအိပ်ဖြင့် စာတိုက်ကြီးတွင် မှတ်ပုံတင်ပြုလုပ်၍ ပေးပို့ရခြင်း ဖြစ်ပါသဖြင့် နိုင်ငံတော်ဘတ်ဂျက်များ လေလွင့်ဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ သက်ဆိုင်ရာ ဦးစီးဌာနများနှင့် လုပ်ငန်းအဖွဲ့အစည်းများမှ ပင်စင်အမှုတွဲပြုစုသူအနေဖြင့် မိမိဌာနများမှအငြိမ်းစားယူကြမည့် အမှုထမ်းကြီးများ /အရာထမ်းကြီးများ၏ ပင်စင်လျှောက်လွှာများပါ ဖြည့်သွင်းရမည့် အချက်အလက်များအနက် " **ဓါတ်ပုံ ၊ လက်ဗွေ ၊ ရေးထိုးမြဲ လက်မှတ်ပါလျှောက်လွှာတွင် အငြိမ်းစား**

**များ၏ယခုလက်ရှိ နေထိုင်လျက်ရှိသော လိပ်စာအမှန် နှင့် လက်ရှိကိုင်ဆောင်လျက်ရှိသော လက်ကိုင် ဖုန်းနံပါတ်အား တစ်ပါတည်းရေးသွင်းပေးပါရန် ”နှင့် “အငြိမ်းစားများအတွက် လုပ်ငန်းများ အဆင်ပြေ ချောမွေ့ စေရန် ပင်စင်ယူကြမည့် အငြိမ်းစားကြီးများမှလည်း ဝိုင်းဝန်းကူညီပေးကြပါရန်”** တိုက်တွန်း နှိုးဆော်အပ်ပါ သည်။

**ပင်စင်ဦးစီးဌာန(ရုံးချုပ်)**
**ပင်စင်လုပ်ငန်းဌာနခွဲ**


*ဆဆဆဆဆဆဆဆဆဆဆဆဆဆဆဆဆဆဆဆ*

## Pension Management Web Portal ဆောင်ရွက်မှုအကြောင်း

ယနေ့ကမ္ဘာသည် နည်းပညာတိုးတက်မှုအရှိန်အဟုန်ဖြင့် လုပ်ငန်းဆောင်ရွက်မှုများအား Online စနစ်ဖြင့် ဆောင်ရွက်ကြလာသည်ကို တွေ့နေရပါသည်။ ဈေးဝယ်ခြင်းမှစ၍ ငွေပေးချေခြင်းအထိ နေ့စဉ်လုပ်ငန်းဆောင်တာမှန်သမျှကို Online စနစ်ဖြင့် တွင်ကျယ်စွာ အသုံးပြုနေကြပါသည်။ ပုဂ္ဂလိကကဏ္ဍတွင် နည်းပညာဖွံ့ဖြိုးလာမှုနှင့်အတူ အစိုးရကဏ္ဍတွင်လည်း ခေတ်နှင့် လိုက်လျောညီထွေစွာ ဝန်ဆောင်မှုပေးနိုင်ရန် e - Government စနစ်အား ဆောင်ရွက်လျက်ရှိပါသည်။

မိမိတို့ပင်စင်ဦးစီးဌာနသည်လည်း e-Government လုပ်ငန်းစဉ်များတွင် အများနည်းတူ ပူးပေါင်း ပါဝင်ဆောင်ရွက်ခဲ့သည်မှာ ၂၀၁၈ ခုနှစ်ကတည်းကပင်ဖြစ်ပါသည်။ ဌာန၏ လုပ်ငန်း ဆောင်ရွက်မှုပုံစံများကို ယခင် Manual စနစ်ဖြင့် သမာရိုးကျဆောင်ရွက်နေရာမှ Computerized စနစ်ဖြင့် အဆင့်ဆင့်ပြောင်းလဲ ဆောင်ရွက်ခဲ့သည်မှာ Pension Management Web Portal အား Phase III အထိ တိုးတက်ဆောင်ရွက်လျက်ရှိပါသည်။ ဤနေရာတွင် ပင်စင်ဦးစီးဌာန၏ Pension Management Web Portal စနစ်အကြောင်း ရှင်းလင်းတင်ပြလိုပါသည်။

Pension Management Web Portal စနစ်တွင် ပင်စင်နှင့်ပတ်သက် ဆက်နွယ်သည့် သက်ဆိုင်ရာ ဌာန/လုပ်ငန်း အဖွဲ့အစည်းများ ၊ ပင်စင် ဦးစီး ဌာန ၊ မြန်မာ့ စီးပွားရေးဘဏ် နှင့် ပင်စင်စား စသည့်ကဏ္ဍ (၄) ရပ်ဖြင့် ဆောင်ရွက်ထားပါသည်။ ကဏ္ဍ တစ်ခုချင်း အလိုက် လုပ်ငန်း ဆောင်ရွက်မှု ပုံစံများကို နည်းပညာ အသုံးချ၍ ဆောင်ရွက် ထားပါသည်။သက်ဆိုင်ရာ ဌာန/လုပ်ငန်းအဖွဲ့အစည်းများ သည် ယခင် Manual ပုံစံကဲ့သို့ ပင်စင်အမှုတွဲများအား စာရွက် စာတမ်းများဖြင့် ပြုစုပေးပို့ရမည့်အစား Web Portal မှတဆင့် Online စနစ်ဖြင့် ပေးပို့နိုင်မှာဖြစ်ပါတယ်။ ပင်စင်ဆိုင်ရာအချက်အလက်များကိုလည်း Web Portal တွင်သာ ဖြည့်သွင်းရမည် ဖြစ်ပြီး ဖြည့်သွင်းမှု ပုံစံများတွင် Audit Point များဖြင့် အလိုအလျောက် စစ်ဆေးထားသောကြောင့် မိမိ ဖြည့်သွင်းချက် မှန်ကန်မှုရှိ/မရှိ သိရှိနိုင်မှာဖြစ်ပါတယ်။



ပင်စင်ဦးစီးဌာနသည်လည်း ပင်စင်အမှုတွဲများအား Web Portal မှတဆင့် လက်ခံခြင်း၊ အချက်အလက်များစစ်ဆေးခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့အပြင် ပြည့်စုံမှန်ကန် သော ပင်စင်အမှုတွဲများအတွက် ငွေပေးမိန့်ထုတ်ပြန်ခြင်းကိုလည်း သက်ဆိုင်ရာအရာရှိမှ Web Portal တွင် တိုက်ရိုက်လက်မှတ်ထိုးကာ မြန်မာ့စီးပွားရေးဘဏ်သို့ Online စနစ်ဖြင့် ပေးပို့ နိုင်မည်ဖြစ်ပါသည်။

မြန်မာ့စီးပွားရေးဘဏ်သည်လည်း ပင်စင်ငွေပေးမိန့်လွှာများအား Online စနစ်ဖြင့် လက်ခံရရှိပြီးနောက် ပင်စင်လစာနှင့်ဆုငွေထုတ်ပေးပြီးစီးမှုကိုလည်း အချိန်နှင့်တပြေးညီ အတည်ပြုနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် သက်ဆိုင်ရာကာလများတွင် ပင်စင်စား သက်ရှိထင်ရှား ရှိ/မရှိကို စစ်ဆေး၍ စစ်ဆေးမှုအခြေအနေကိုလည်း စနစ်အတွင်း မှတ်တမ်းတင်သိမ်းဆည်း နိုင်မည်ဖြစ်ပါသည်။ ပင်စင်စားအနေဖြင့်လည်း မိမိတို့ ပင်စင် ထုတ်ယူမှု မှတ်တမ်းများကိုလည်း အချိန်နှင့် တပြေးညီသိရှိနိုင်မည်ဖြစ်ပြီး ပင်စင်ဆိုင်ရာ အသိပေးကြေညာချက်များကိုလည်း သိရှိ နိုင်မည်ဖြစ်ပါသည်။ ထို့အပြင် နှစ်လွန်ပင်စင်လျှောက်ထားခြင်း၊ ဘဏ်ပြောင်းလျှောက်ထားခြင်းတို့ကိုလည်း Online စနစ်ဖြင့် လျင်မြန်စွာဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

Pension Management Web Portal စနစ်အား အကောင်အထည်ဖော်ရာတွင် ပင်စင်ဆိုင်ရာ အချက်အလက်များအား တစ်စုတစ်စည်းတည်း အချိန်နှင့်နေရာမရွေးရယူနိုင်ရေး အတွက် Centralized စနစ်ဖြင့် ဆောင်ရွက်ထားပါသည်။ ပင်စင်ဆိုင်ရာအချက်အလက်များအား Centralized စနစ်ဖြင့် စုစည်းထားမှုကြောင့် အားသာချက်နှင့်အတူ သတင်းအချက်အလက် လုံခြုံရေးကိုလည်း ဂရုစိုက် ဆောင်ရွက်လာရပါသည်။ ပထမဦးစွာ စနစ်အတွင်း ဝင်ရောက်ရာတွင် Username / Password အပြင် Two Factor Authentication ဆောင်ရွက်မှုအနေဖြင့် OTP (One Time Password) Code ဖြည့်သွင်းမှသာ ဝင်ရောက်နိုင်မည်ဖြစ်ပါသည်။ Web-Based စနစ် ဖြစ်သည် နှင့်အညီ သတင်းအချက်အလက်များပေးပို့ရယူရာတွင် လုံခြုံရေးရှိစေရေး SSL Certificate များ ထည့်သွင်းခြင်းနှင့် Firewall Device ၏ ကာကွယ်မှု အတွင်းသို့ ထည့်သွင်းခြင်းတို့ ဆောင်ရွက်ထားရှိပါသည်။ ထို့အပြင် စနစ်အား Hosting ထားရှိသည့် Server တွင်လည်း EndPoint Protection Software ထည့်သွင်းထားရှိပါသည်။ စနစ်အား ဆိုက်ဘာတိုက်ခိုက်မှုများမှ ကြိုတင်ကာကွယ်နိုင်ရန် အတွက်လည်း အမျိုးသားဆိုက်ဘာလုံခြုံရေးဗဟိုဌာန၏ XDR (Extended Detection and Response) ဝန်ဆောင်မှုကိုလည်း ရယူဆောင်ရွက်ထားပါသည်။ သို့ဖြစ်ရာ စနစ်အား လိုက်ပါ ဆောင်ရွက် မည့် သက်ဆိုင်ရာအဖွဲ့အစည်းများသည် လုံခြုံစွာအသုံးပြုနိုင်မည်ဖြစ်ပါသည်။



စနစ်အား Pilot Project ဆောင်ရွက်မှုအနေဖြင့် ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစတင်၍ ပြည်ထောင်စုနယ်မြေရှိ ဌာနများနှင့် စမ်းသပ်အသုံးပြုသွားမည်ဖြစ်ပြီး စမ်းသပ်အသုံးပြုစဉ် ကြုံတွေ့ရသည့် အားနည်းချက်များကို ပြင်ဆင်ကာ အခြားတိုင်းဒေသကြီး/ပြည်နယ်များသို့ ဆက်လက်တိုးချဲ့အသုံးပြုသွားမည်ဖြစ်ပါသည်။

စနစ်အား အသုံးပြုခြင်းဖြင့် ပင်စင်အမှုတွဲများကို အချိန်ကြန့်ကြာမှုမရှိဘဲ ပင်စင်ဦးစီးဌာနသို့ လျင်မြန်စွာ ပေးပို့နိုင်ခြင်း၊ Audit Point များဖြင့် အဆင့်ဆင့်စစ်ဆေးထားသောကြောင့် ပင်စင်ဆိုင်ရာ အချက်အလက်ဖြည့်သွင်းမှု မှန်ကန်ခြင်း၊ ပေးပို့ထားသော ပင်စင်အမှုတွဲ အခြေအနေကိုလည်း အချိန်နှင့်တပြေးညီ ကြည့်ရှုနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည် ဖြစ်ပါသည်။ ပင်စင်ဦးစီးဌာနသည်လည်း ပင်စင်အမှုတွဲများအား စစ်ဆေး၍ ငွေပေးမိန့်ထုတ်ပြန် ခြင်းလုပ်ငန်းစဉ်ကိုလည်း ယခင်ကထက် မြန်ဆန်စွာလုပ်ဆောင်နိုင်မည့်အပြင် ဌာန၏ ပင်စင် လုပ်ငန်းစဉ်များကိုလည်း Online စနစ်ဖြင့် ပြောင်းလဲဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ လုပ်ငန်းဆောင်ရွက်မှုပုံစံများကိုလည်း အလိုအလျောက် တွက်ချက်ခြင်း၊ စစ်ဆေးခြင်း စသည့်နည်းလမ်းများဖြင့် ဆောင်ရွက်ထားရာ ယခင်ကထက် အမှားနည်းစွာ ဆောင်ရွက်နိုင်ပါမည်။

မြန်မာ့စီးပွားရေးဘဏ်အနေဖြင့်လည်း ပင်စင်ထုတ်ပေးပြီးစီးမှုကို Online စနစ်ဖြင့် အတည်ပြု နိုင်မည်ဖြစ်ပါသည်။ ထို့အပြင်ပင်စင်ဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်နှင့် ပင်စင်စားတို့ အကြား သုံးဦးသုံးဖလှယ် ပင်စင်ထုတ်ယူမှု မှတ်တမ်းများကို အချိန်နှင့်တပြေးညီစစ်ဆေးနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ရာတစ်နိုင်ငံလုံးရှိ ပင်စင်စားအင်အားစာရင်း၊ပင်စင်အသုံးစရိတ်စာရင်းတို့အားပိုမိုတိကျမှန်ကန်စွာ လျာထားဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

